ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငန်းစပ်ကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊စက်တင်ဘာလ

မာတိကာ

စကားချီး

မြေမျက်နှာသွင်ပြင်နှင့် ကျေးရွာတည်နေရာပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေး

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦ

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦ

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

၆။ ပညာရေး

(က) ပညာရေးဝန်ဆောင်မှုရရှိနိုင်မှု အခြေအနေ

၇။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုရရှိမှု အခြေအနေ

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းမှု

၈။ ကျား-မ ရေးရာ

ဦးစားပေးစီမံချက်လုပ်ငန်းများဇယား

စီမံချက်အဆိုပြုလွှာ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ-၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ-၂။ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ-၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယားများ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(၆)လဘတ်ဂျတ်မှ ၂၀၂၁/၂၂ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေ ဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများ ကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြီးပွားကျေးရွာ၊
ဥတ္တရသီရိမြို့နယ်။

ကြီးပွားကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကြီးပွားကျေးရွာသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၊ ဥတ္တရခရိုင်၊ဥတ္တရသီရိမြို့နယ်အတွင်း မြောက်လတ္တီကျူ(၉၆)နှင့် အရှေ့လောင်ဂျီကျူ(၁၈)တွင် တည်ရှိပါသည်။အုပ်ချုပ်ရေးရုံးစိုက်ရာ ဥတ္တရသီရိမြို့နှင့်(၁၅)မိုင်ခန့်ကွာဝေးပြီး မြောက်ဘက်တွင် တောင်ညိုကျေးရွာနှင့် တောင်ဘက်တွင် မင်းနောင်ကျေးရွာများတည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊တောင်ညိုကျေးရွာနှင့် နီးကပ်မှုကြောင့် ပို့ဆောင်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများနှင့် နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် ပူနွေးစိုစွတ်သောရာသီဥတုရှိပြီး မိုးအသင့်အတင့်ရရှိသည်။ ဒေသ၏ပျှမ်းမျှ မိုးရေချိန်လက်မမှာ၆၀မှ၈၀ပန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာ၏ပျှမ်းမျှအပူချိန်မှာ ၃၀°C ခန့်ရှိပါသည်။ မိုးကာလများ တွင် တခါတရံမိုးများခြင်း၊ လေပြင်းတိုက်ခတ်များလည်းရှိပါသည်။ လယ်ယာမြေ အနည်းငယ်သာ ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေအား မိုးရေကိုသာ အဓိကအားထား၍ စပါး၊ ပဲနှင့် နှမ်းစသည်တို့ကို စိုက်ပျိုးကြပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၈၉.၅)ဧကရှိသည်။ ကျေးရွာ သဘာဝအရင်းအမြစ်များတွင် သဘာဝပေါက်ပင်အနေဖြင့် ကုက္ကိုပင်၊ အုန်းပင်၊ သရက်ပင်၊ ငှက်ပျောပင်စသည့် နှစ်ရှည်ပင်များရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ မြတ်ပုညပရဟိတအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် မီးလင်းရေးကော်မတီ တို့ဖြစ်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် ဖွံ့ဖြိုးရေးဆိုင်ရာ

စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်သည်။ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးမြေဧက(၈၉.၅)ဧကသာရှိပြီး စပါးနှင့် မတ်ပဲ၊နှမ်းစသည်တို့ကို စိုက်ပျိုးကြသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် စိုက်ပျိုးရေးအလုံအလောက်မရရှိခြင်း၊ အလုပ်သမားမလုံလောက်မှု၊ စိုက်ပျိုးစရိတ်မလုံလောက်မှုစသည့် ပြဿနာကိုရင်ဆိုင်ရတတ်ပြီး သီးနှံများရောင်းချရာတွင်လည်း ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာ အသင့်အတင့်သာရှိပါသည်။ စိုက်ပျိုးရေးသမားများအတွက် စိုက်ပျိုးရေးနည်းပညာများနှင့် စိုက်ပျိုးစရိတ်အတွက်လုံလောက်သောချေးငွေရရှိရန် လိုအပ်လျက်ရှိသည်။ စိုက်ပျိုးရေရှိရေးမှာ အဓိကအနေအထားတွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများမှာ မိုးကောင်းရေသောက်များသာဖြစ်ပါသည်။

သီးနှံအထွက်နှုန်းမှာလည်း မိုးစပါးပျမ်းမျှအထွက်မှာ (၄၀)တင်းမှ (၆၀)တင်းထိ ထွက်ရှိပါသည်။ မတ်ပဲစိုက်ခင်း၏ ပျှမ်းမျှအထွက်မှာ (၃၀)တင်းမှ (၄၀)တင်းထိ ၊ မြေပဲအထွက်နှုန်းမှာ အနည်းဆုံး(၂၇)တင်းမှ အများဆုံး(၃၀)တင်း နှင့် နှမ်းအထွက်နှုန်းမှာ (၃)တင်းမှ အများဆုံး(၅)တင်းထွက်ရှိပါသည်။ သီးနှံများရောင်းချရာတွင် တောင်ညိုဈေးနှင့်နီးကပ်သောကြောင့် ဈေးကွက်ရှိသောလည်း သီးနှံဈေးနှုန်း မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာ အသင့်အတင့်သာရှိပါသည်။

(ခ) မွေးမြူရေး

ကျေးရွာတွင် နွား(၁၆၁)ကောင်၊ ကြက်(၂၅၆)ကောင်၊ ဝက်(၂၂၂)ကောင်၊ ဘဲ(၉)ကောင် မွေးမြူကြောင်းတွေ့ရပါသည်။ နွားကို လယ်ယာလုပ်ငန်းခွင်နှင့် နို့စားအတွက် မွေးမြူကြ

ပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါများ အနည်းငယ်ဖြစ်ပွားကြပါသည်။ အထူးသဖြင့် ဝက်မွေးမြူရေးလုပ်ငန်းတွင် ဝက်နားရွက်ပြာရောဂါမှာဖြစ်ပွားမှုများပြီး သေဆုံးသည်အထိဖြစ်ပွားတတ်ပါသည်။မွေးမြူရေးလုပ်ငန်းအား စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြကြောင်းတွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်ရန် မွေးမြူရေးအစာ၊ ရေ အသင့်အတင့်ရရှိနိုင်ပါသည်။ ကျေးရွာအနီးရှိ တောင်ညိုစျေးနှင့် အခြားစျေးများသို့တင်ပို့ ရောင်းချနိုင်သဖြင့် စျေးကွက်လည်းရှိသည်။ မွေးမြူရေးချေးငွေသီးသန့်မရှိပါ။ ဝက်မွေးမြူရေးအား တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် လုပ်ကိုင်သူများပြီး သီးသန့်လုပ်ငန်းအဖြစ် တိုးချဲ့မွေးမြူပါကအကျိုးအမြတ်ပိုရနိုင်ပါသည်။ **မွေးမြူရေးအတွက် အခြေခံမွေးမြူရေး ပညာများနှင့် မျိုးကောင်း မျိုးသန့်များရရှိရန်၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေနှင့်ဝန်ဆောင်မှုများ ရရှိရန်လိုအပ်ပြီး ရောဂါကိုကြိုတင်ကာကွယ်ခြင်းများ ထားရှိခြင်းဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ် ပါသည်။**

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအဖြစ် သက်ကယ်လုပ်ငန်းကို ရာသီချိန်တွင် လုပ်ကိုင်ကြပြီး ကျန်အချိန်များတွင် အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ စျေးရောင်း၊ ပန်းရံ လက်သမား၊ အစိုးရဝန်ထမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ် လုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ အလုပ်ရုံ၊

စက်ရုံများမရှိခြင်းကြောင့် စိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါး သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း အချို့

ကိုဝန်ဆောင်မှုပေးနိုင်သော သင်တန်းများရှိသော်လည်း ရွာသားအများစုသည် သင်တန်းများ နှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အရေးနည်းပါး သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ ပုံစံ (၇)ရှိသူများသာ ထုတ်ချေးခွင့်ရရှိပါသည်။ ကာလတိုချေးငွေဖြစ်ပြီး၊ ချေးငွေကာလမှာ ၆ လ ဖြစ်ပါသည်။ တစ်ဧကလျှင် တစ်သိန်းခွဲရပါသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ များတွင် ပုံမှန် ထုတ်ချေးပါသည်။ အတိုးနှုန်းမှာ ၂%ခန့်သာရှိသည်။ ငွေတိုးပေးသူထံမှ လည်းချေးငွေရ ယူနိုင်ပါသည်။ အတိုးနှုန်း ၅ ကျပ်မှ ၁၀ကျပ်ခန့် ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦ

ကျေးရွာတွင် ဆက်သွယ်ရာတွင် တောင်ညိုစျေးနှင့်နီးကပ်မှုကြောင့် သယ်ယူပို့ဆောင် ရေးသည် အဆင်ပြေပါသည်။ စျေးတွင် လိုအပ်သောကုန်ပစ္စည်းများနှင့် သွင်းအားစုများကို ရရှိနိုင်ပါသည်။ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာကျီ ၊ ကားများကို အသုံးပြု၍ သွားလာ ကြပါသည်။ ကျေးရွာမှ နေပြည်တော် မြို့တွင်းသို့ ပုံမှန်ပြေးဆွဲနေသော လိုင်းကားများရှိပြီး သီးနှံများသယ်ယူပို့ဆောင်ရာ တွင်လည်းကောင်း၊ ကုန်စည်များအား ဝယ်ယူရာတွင်

လည်းကောင်း အဆင်ပြေလျှက် ရှိပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦများ

ကျေးရွာတွင် လျှပ်စစ်ဓါတ်အား သွယ်တန်းပြီးဖြစ်ပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စု(၂၇၃)စု၊ ဆိုလာမီးအိမ်ထောင်စု(၃)စု အသုံးပြုကြပြီးကျန်

(၄)အိမ်သည် မီးရရှိရေးအတွက်ဖယောင်းတိုင်၊ ဘတ္ထရီမီးများသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်းထားရှိပြီး ကျေးရွာမီးလင်းရေးရန်ပုံငွေ ကောက်ခံထားရှိထားပါသည်။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

သတင်းအချက်အလက်နည်းပညာများနှင့် ဆက်သွယ်ရေးတွင် ကျေးရွာရှိလူအများစုမှာ တယ်လီဖုန်းအသုံးပြုကြပြီး TV၊ စလောင်းအသုံးပြုသူမှာလည်း အများအပြားရှိကြောင်း တွေ့ရှိရပါသည်။ တယ်လီဖုန်းအသုံးပြုသူမှာ များပြားသည့်အတွက် ကျေးရွာသူ/သားများ အနေဖြင့် ဗဟုသုတနှင့်နည်းပညာ အချက်အလက်များကို ပြည့်ဝစွာရရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် တယ်လီဖုန်း ဆက်သွယ်မှုလိုင်းများလည်း ကောင်းမွန်ပါသည်။

၆။ ပညာရေး

(က) ပညာရေးဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ကျေးရွာမှ(၀.၅)မိုင်ခန့်ဝေးသော တောင်ညို ကျေးရွာရှိ အခြေခံအထက်တန်းကျောင်းသို့ သွားရောက်သင်ယူလျှက်ရှိပါသည်။ ကျေးရွာအတွင်းရှိ ကလေးများမှာ မူလတန်းမှ အထက်တန်းအထိ အတန်းပညာများကို လက်လှမ်းမီကြပါသည်။ ကျေးရွာအုပ်စုရှိကျောင်းမှာ ကျောင်းဆရာ/ ဆရာမ လုံလောက်မှုရှိပါသည်။ နှစ်ထပ်ကျောင်းဆောင် (၃) ဆောင်ရှိပြီး သွပ်မိုး၊ နံကပ်၊ တံမံတလင်းခင်းထားပြီး ကောင်းမွန်ပါသည်။ ကျောင်းသုံး ပရိဘောဂများနှင့် သင်ထောက်ကူ ပစ္စည်းများလည်းပြည့်စုံပါသည်။

နှစ်စဉ်ကျောင်းသားဦးရေ များပြားလာမှုနှင့် ကျောင်းသူ/ သားများမိုးရာသီတွင် ကျောင်းသွားလာရာ၌ ရွာတွင်းလမ်း အဆင်မပြေသောကြောင့် ကျေးရွာတွင် မူလတန်း ကျောင်း လိုအပ်လျက်ရှိပါသည်။ အာဟာရတိုက်ကျွေးမှု အစီအစဉ်များ တစ်နှစ်(၁) ကြိမ်ခန့် ကျွေးမွေးသည် ကိုတွေ့ရှိရပါသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ်များ မရှိပါ ။

ကျောင်းအားကစားကွင်းလည်း ရှိပါသည်။ ကျောင်းဝန်းကျယ်ဝန်း၍ ကလေးသူငယ်များလွတ်လပ်စွာကစားနိုင်ပါသည်။ ကျောင်း ကော်မတီ ကဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာရည်ချန်ဆုပေးပွဲများ ကျင်းပပေးပါသည်။ ကျေးရွာရှိ ကျောင်းသားမိဘအချို့မှာ ဆင်းရဲနွမ်းပါးမှုကြောင့် ကလေးငယ်များ၏ ပညာရေးတွင် စိတ်ဝင်စားမှုနည်းပါးသည်ကိုလည်းတွေ့ရပါသည်။

အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်များ များပြားကြောင်း တွေ့ရှိရပြီး ကျေးရွာအတွက် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ်တစ်ခုပင်ဖြစ်ပါသည်။ အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပြူတာသင်တန်း၊စက်ချုပ်သင်တန်း၊ စက်ပြင်၊ လက်သမား၊ ဂဟေဆက်သင်တန်း စသည့် သင်တန်းများစနစ်တကျသင်ကြားပြီး မြို့ပေါ်ရှိ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ လူငယ်များ အသက်မွေးဝမ်းကျောင်းနည်းပညာများ ပို့ချပေးပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သော ရင်းနှီးငွေများ ပံ့ပိုးပေးပြီးနောက် ဖွင့်လှစ်ဆောင်ရွက်နိုင်ပါက ဝင်ငွေအသင့်အတင့်ရလာနိုင်မည်ဖြစ်ပါသည်။

၇။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်လာရောက်ထိုးပေးပါသည်။ အခြေခံကျန်းမာရေး ပညာပေးအစီအစဉ်များလည်း ရှိပါသည်။ အရေးပေါ်လူနာများအတွက် မြို့နယ်ဆေးရုံ ၊

တိုက်နယ်ဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ သွားရောက်ကုသကြပါသည်။ **ကျေးရွာတွင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများမှာဖြစ်ပွားမှု အမြင့်မားဆုံးဖြစ်ပြီး ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ပွားမှုမှာနည်းသည် ကိုတွေ့ရှိရပါသည်။ ကျန်းမာရေးဆေးခန်းရှိပြီး ဆေးခန်းတွင်အသုံးပြုသော အခန်းနှင့်ကုတင်များမှာ**

လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကို ပုံမှန်ပြုလုပ်ခြင်းမရှိပါ။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ကျေးရွာတွင် တွင်းနက်(၁)တွင်း၊ တွင်းတိမ်(၇)တွင်း၊ လက်တူးတွင်း(၅၀)တွင်း၊ လက်နှိပ်တုံကင် (၅၀) တွင်းရှိပါသည်။ ရေအရည်အသွေးစစ်ဆေးမှုများရှိ၍ သောက်သုံးရန် ကောင်းမွန်ပြီး၊ နွေမိုးဆောင်း လုံလောက်မှု ရှိပါသည်။ သောက်သုံးရေ ပြဿနာမရှိပါ။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စု(၉၀%)ရှိသဖြင့် ယင်လုံအိမ်သာအား တရွာလုံးနီးပါး သုံးစွဲကြကြောင်းတွေ့ရှိရပါသည်။ ယင်လုံအိမ်သာ သုံးစွဲမှုများပြားပြီး အနည်းငယ်သာ တွင်းရှိအိမ်သာများကို အသုံးပြုကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများရှိကြပါ သည်။

၈။ ကျား၊မရေးရာ

ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ လူဦးရေဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးအချိုးသည် အမျိုးသားများ ထက်ပိုမိုများပြားသည်ကို တွေ့ရပါသည်။ ပညာရေးဆိုင်ရာကဏ္ဍတွင်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ပညာလေ့လာသင်ယူရန် အခွင့်အရေးတန်းတူရသည်ကို တွေ့ရပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှု ကဏ္ဍတွင် အမျိုးသမီးပါဝင်မှု လုံးဝမတွေ့ရပေ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ဦးဆောင်ပါဝင်ခွင့် ရကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၂	၂၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၀	၂၆	၅၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၇	၆၂	၁၀၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၅	၆၃	၁၄၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၂၈	၄၃၈	၈၆၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၇	၂၇
စုစုပေါင်း		၆၁၆	၆၁၈	၁၂၃၄
စုစုပေါင်း အိမ်ထောင်စု		၂၈၀		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိအိမ်ထောင်စု(၂၈၀)စုတွင် ကျား(၆၁၆)၊ မ(၆၁၈) စုစုပေါင်း(၁၂၃၄)ဦး ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်မှာ (၈၆၆)ဦးရှိသည့် အတွက် ကျေးရွာတွင် လူငယ်အရွယ်နှင့်လူလတ်ပိုင်းအရွယ်များပြားပြီး အသက်မွေးဝမ်းကျောင်း ပညာများကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားနှင့်အမျိုးသမီးဦးရေသည် ပျမ်းမျှညီမျှပါသည်။

(၂) သဘာဝရင်းမြစ်များ

(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်)
လယ်မြေ	၄၅.၅	ကောင်း	ရ	မြေအောက်ရေ
ယာမြေ	၄၂	ကောင်း	ရ	မြေအောက်ရေ
ဥယျာဉ်ခြံမြေ	၂	ကောင်း	ရ	မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				

သစ်တောမြေ				
စုစုပေါင်း	၈၉.၅			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လယ်မြေ၈က(၄၅.၅)ရှိပြီး ဆန်စပါးကိုစိုက်ပျိုးကြပါသည်။ အစားထိုး သီးနှံအဖြစ် မတ်ပဲကိုလည်း အားထားစိုက်ပျိုးကြပါသည်။ ယာမြေများတွင် ပြောင်း၊နှမ်း၊မြေပဲ စသည့်သီးနှံများနှင့် စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ အားကိုးစိုက်ပျိုးကြရပြီး စိုက်ပျိုး စရိတ်အတွက်ချေးငွေများမရရှိခြင်း၊ သီးနှံစျေးကွက်မတည်ငြိမ်ခြင်းတို့ကြောင့် စိုက်ပျိုးရေးမှ ဝင်ငွေရ ရှိမှုမှာ နည်းပါးလျှက်ရှိပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊သဲ)စသည်	မရှိ	
အခြားသဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော)	မရှိ	
ပျမ်းမျအပူချိန်- ၃၀°C	ပျမ်းမျမိုးရေချိန်- ၇၀ လက်မ	

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	မြတ်ပုည ပရဟိတအဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး√ ဘာသာရေး √	အဖွဲ့ဝင်(၃၇)ခန့်ရှိပြီးစွမ်းဆောင်ရည်မှာ အသင့်အတင့်တွင်ရှိပါသည်။

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	
၂	လူမှုရေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး√ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	အဖွဲ့ဝင်(၁၂)ဦးသာရှိသော်လည်း ကျေးရွာတွင် စွမ်းဆောင်ရည် အကောင်းဆုံးဖြစ်ပါသည်။
၃	အမျိုးသမီးအဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ□ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၄)ဦးသာရှိပြီး လှုပ်ရှားမှုမှာ နည်းပါးပါသည်။
၄	မီးသတ်အဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ□ လုံခြုံရေးနှင့် ကာကွယ်ရေး √	အဖွဲ့ဝင်(၈)ဦးသာရှိပြီး စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။
၅	မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး √ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ□ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်မှာအသင့်အတင့်သာရှိပါသည်။
၆	မီးလင်းရေးကော်မတီ	၁□ ၂√ ၃□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ□ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာအတွက် မီးလင်းရေးနှင့် သက်ဆိုင်သော လုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပါသည်။

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူမှုရေးအဖွဲ့(၆)ရှိပြီး အဖွဲ့အစည်းများအနက်မှ လူမှုရေးအဖွဲ့ သည် ကျေးရွာတွင် လှုပ်ရှားမှုအားအကောင်းဆုံးနှင့် စွမ်းဆောင်ရည်အကောင်းဆုံးအဖွဲ့ဖြစ်ကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာရှိအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘော တရားတို့နှင့်ပတ်သက်၍ အသင့်အတင့်ရှိကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက

ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၃	၈၇	၁၅၀	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၅၇.၁၄%) မှာ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၁၁.၇၈%)မှ အဆင်ပြေသော အဆင့်နှင့် (၃၁.၀၇%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများ နှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီးလိုအပ်ခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။ အချို့မြေယာမဲ့ အိမ်ထောင်စုများမှာ တောင်ညိုစျေးတွင် စျေးရောင်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ် ကိုင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းအချို့တွင် နေ့စားလုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းလျက်ရှိပါသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၄၄	၈၇.၁၄%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၈	၁၀%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၇	၂.၅%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁	၀.၃၆%	တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၈၀		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု(၁၂.၈၆%)သာရှိပြီး မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုမှာ(၈၇.၁၄%)ရှိပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြား သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် စီးပွားဖြစ်ထွန်းရာ အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ကြသူများ လည်းရှိပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး		တင်း	၄၀	၆၀	၅၀	သင့်
မတ်ပဲ		တင်း	၃၀	၄၀	၃၅	များ
မြေပဲ		တင်း	၂၇	၃၀	၂၈	သင့်
နှမ်း		တင်း	၃	၅	၄	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးနှင့်မတ်ပဲကို အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာ ရာသီဥတုပေါ်လိုက်၍ပြောင်းလဲလျှက်ရှိကြောင်းတွေ့ရှိရပါသည်။ အစားထိုးသီးနှံအဖြစ် ပြောင်းနှမ်းစသည် များကိုစိုက်ပျိုးပြီး အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ သီးနှံများရောင်းချရာ တွင်လည်း စျေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာ အသင့်အတင့်သာရှိပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၈	၈၀
နို့စားနွား		
ကျွဲ	၂၅	၈၀
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဝက်	၁၂၅	၂၂၂
ကြက်	၅၀	၂၅၆
ဘဲ	၄	၉
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားနှင့်ကျွဲများမွေးမြူနှုန်းမှာ(၁၈.၉၃%)ခန့်ရှိပြီး အများ အား ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်ခိုင်းစေရန် အသုံးပြုကြသည်။ ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုမှာ(၄၄.၆၄%)ခန့်ရှိပြီး ဝက်မွေးမြူရေးလုပ်ငန်းတွင် ဒေသဝက်မျိုးများကိုမွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းများတွင် ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများသာရှိပြီး ကြိုတင်ကာကွယ်မှုများ မရှိကြောင်း တွေ့ရှိရပါသည်။ တောင်ညိုဈေးနှင့်နီးကပ်ခြင်းကြောင့် ရောင်းချရန်ဈေးကွက်ရှိသည့်အတွက် အကျိုးအမြတ်များသည်ကို တွေ့ရှိရပါသည်။

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသား စုဝင် လုပ်အ ား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	၅	၅	၈	
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၂	၂	၂	
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)				

၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၆၀	၆၀	၇၀	
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	၂၀	၂၀	၂၀	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၁၄	၁၄	၁၄	
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပညာရေး	၁	၁	၁	
၁၃	ကျန်းမာရေး	၁	၁	၁	
၁၄	လူမှုရေးလုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၁၅၀	၁၅၀	၁၈၀	
	စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ-		၂၉၅		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအဖြစ် သက်ကယ်လုပ်ငန်းကို ရာသီချိန်တွင် လုပ်ကိုင်ကြပြီး အခြားအချိန်များတွင် ဝါးခုတ်ခြင်း၊ မျှစ်ချိုးခြင်းစသည့် ကြုံရာလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ ပင်ငွေရလုပ်ငန်းများ အဖြစ် နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေများပြားသော်လည်း အသက်မွေးမှုအတက်ပညာများတက်မြောက်မှုနည်းပါးခြင်းနှင့် အရင်းအနှီး မရှိခြင်းများကြောင့် အိမ်ထောင်စုများ၏ ရပ်တည်နိုင်မှုမှာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅-၁) ဈေး

ဧယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	တောင်ညိုဈေး	မြို့မဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် □ ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် √ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင်အထက် □
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား □

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
	သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ တောင်ညိုဈေးဖြစ်ပြီး (၂)ဖာလုံခန့်ဝေးပါသည်။ အကြီးစားဈေးကွက်မှာ မြို့မဈေးဖြစ်ပြီး ကျေးရွာမှ(၁၁)မိုင်ခန့်ဝေးပါသည်။ ကုန်စည်ဝန်ဆောင်မှုနှင့် သီးနှံဈေးကွက်အတွက် တောင်ညိုဈေးကို အများဆုံးအသုံးပြုကြပြီး ဆိုင်ကယ်၊ ကားစသည့် ယာဉ်များဖြင့် ကုန်စည် များကို သယ်ယူပို့ဆောင်ကြပါသည်။ မြို့မဈေးသို့ မော်တော်ယာဉ်လိုင်းများ၊ ဆိုင်ကယ်များဖြင့် သွားလာနိုင်မှု ကြောင့် ကျေးရွာအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုမှာ ကောင်းမွန်လျက်ရှိပါသည်။

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ √	ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး□	၀–၁ မိုင် √ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂□ ၃□ ၄√ ၅□	ကောင်း√ သင့် □ ညံ့□	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး√	၀–၁ မိုင် √ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□ ၂√ ၃□ ၄□ ၅□	ကောင်း√ သင့်□ ညံ့ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး√	၀–၁ မိုင် √ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ခြောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းသည်မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ အသုံးပြု၍ အဆင်ပြေပါသည်။ လမ်းကျဉ်းမြောင်းခြင်းနှင့် တောင်ကြားလမ်း ဖြစ်ခြင်းကြောင့် ရွာသူ၊သားများနှင့် ကျောင်းသူ/ သားများအနေဖြင့် သွားလာရခက်ခဲလျက်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောင်းစု၊ တောင်ညိုစသည့် ကျေးရွာများသို့ သွားသည့်လမ်းဖြစ်ပြီး ကျောက်ခင်းလမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံးသွားလာ ဆက်သွယ် နိုင်ပါသည်။

(၅-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါအကွက်တွင် ✓ ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □	၁ □ ၂ □ ၃ □	ပွင့်လင်းရာသီ □

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
	၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √		တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းပို့ဆောင်ဆက်သွယ်မှုမရှိပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၄၄	၁၇၃	၃		၈	၁	၁၄

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်များကို အဓိက အသုံးပြုပြီး ကား၊ စက်ဘီးစသည်တို့အားလည်း အနည်းငယ်အသုံးပြုကြပါသည်။ နွားလည်းများကို သီးနှံများအား စိုက်ခင်းမှသယ်ယူရာတွင် အသုံးပြုကြပါသည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့် မြို့ပြများနှင့် နီးကပ်မှုကြောင့် သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုများကို အလွယ်အကူ ရရှိနိုင်ပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၂၇၃
ဆိုလာစနစ်	၃
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၄

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့်နီးကပ်သောကြောင့် ကျေးရွာရှိ အိမ်ထောင်စုအားလုံးနီးပါးမှာ လျှပ်စစ်မီးရရှိပြီး အိမ်ထောင်စု (၃)စုမှာ မီးရရှိရေးအတွက် ဆိုလာစနစ်ကို အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာတွင် မီးလင်းရေးကော်မတီဖွဲ့စည်းထားရှိပြီး မီးလင်းရေးနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိပါသည်။

(၅-ဖ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃၄၃	၃၀	၁၂၀

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတွင် ကျေးရွာရှိလူအများစုမှာ တယ်လီဖုန်းအသုံးပြုကြပြီး TV၊ စလောင်းအသုံးပြုသူမှာလည်း အများအပြားရှိကြောင်းတွေ့ရှိရပါသည်။ တယ်လီဖုန်းအသုံးပြုသူမှာ များပြားသည့်အတွက် ကျေးရွာသူ/သားများအနေဖြင့် ဗဟုသုတနှင့် နည်းပညာ အချက်အလက်များကို ပြည့်ဝစွာရရှိကြောင်းတွေ့ရှိရပါသည်။

(၆) ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၆	၅၆	၁၂၂
အလယ်တန်း	၆၇	၄၈	၁၁၅
အထက်တန်း	၃၅	၂၈	၆၃
တက္ကသိုလ်/ကောလိပ်	၁၃	၁၄	၂၇

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပညာသင်ကြားနေသူမှာ မူလတန်းတွင်(၃၇.၃၁%)၊ အလယ်တန်းတွင်(၃၅.၁၇%)၊ အထက်တန်းတွင်(၁၉.၂၆%)နှင့် တက္ကသိုလ်အဆင့်တွင် (၈.၂၅%)ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မပြေလည်သောအိမ်ထောင်စုများဖြစ်သော်ကြောင့် ကလေးငယ်များ၏ ပညာရေးအပေါ် စိတ်ဝင်စားမှုနည်းပါးကြသည်ကို တွေ့ရှိရပါသည်။

(၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း √			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် √ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်									
ကျေးရွာခန့်									

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ (၀.၅)မိုင်ခန့်ဝေးသော တောင်ညို အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားလျှက်ရှိပါသည်။ ကျောင်းသူ/သား များမှာ ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်စသည်တို့ကို အသုံးပြုလျှက် ပညာသင်ကြားလျှက်ရှိပါသည်။ ကျောင်းသူ/သားများ အသုံးပြုနေသောလမ်းမှာ **လမ်းကျဉ်းမြောင်းခြင်းနှင့် တောင်ကြား လမ်း ဖြစ်ခြင်းကြောင့်** အရွယ်ငယ်သော ကျောင်းသူ/သားများအနေဖြင့် ပညာသင်ကြားရာတွင် ခက်ခဲခြင်းကြောင့် **ကျေးရွာတွင်** မူလတန်းကျောင်း လိုအပ်လျှက်ရှိပါသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

စဉ်	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောဝမ်းလျှော	*မြင့်□*	*နိမ့်√*	*မရှိ□*
၂	သွေးလွန်တုပ်ကွေး	*မြင့်□*	*နိမ့်√*	*မရှိ□*
၃	ငှက်ဖျား	*မြင့်□*	*နိမ့်√*	*မရှိ□*
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်□*	*နိမ့်□*	*မရှိ√*
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ	*မြင့်□*	*နိမ့်□*	*မရှိ√*
၆	တီဘီ	*မြင့်□*	*နိမ့်√*	*မရှိ□*
၇	ဆီးချို	*မြင့်√*	*နိမ့်□*	*မရှိ□*
၈	သွေးတိုး	*မြင့်√*	*နိမ့်□*	*မရှိ□*
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်□*	*နိမ့်□*	*မရှိ√*
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်□*	*နိမ့်□*	*မရှိ√*
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်□*	*နိမ့်□*	*မရှိ√*

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများမှာဖြစ်ပွားမှု အမြင့်မား ဆုံးဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ပွားမှုမှာ နည်း သည် ကိုတွေ့ရှိရပါသည်။ အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရပါသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)**	*ရှိ*	*မရှိ*
၁	အဆုတ်ရောဂါ	√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	√	
၃	ပိုလီယိုရောဂါ	√	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	√	
၅	ဝက်သက်ရောဂါ	√	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	√	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√	
၈	အာဟာရ ပညာပေး အစီအစဉ်	√	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်စုရှိ ကျန်းမာရေးဆေးပေးခန်းမှ ဝက်သက်ရောဂါနှင့် မေးခိုင်ရောဂါ၊ အသည်းရောင်၊ အသားဝါရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် (၂)နှစ်အောက်ကလေးငယ် များအတွက် ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် အခြားရောဂါများအတွက် ကာကွယ်ဆေးထိုးခြင်းများကနှစ်စဉ် ပြုလုပ်လျှက် ရှိပါသည်။ အာဟာရပညာပေးအစီအစဉ်များလည်း နှစ်စဉ်ပြုလုပ်ပေးပါသည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ √
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် √ ၁၀ မိုင်အထက် □	ရှိ √ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် √ ၁၀ မိုင်အထက် □	ရှိ √ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်စုတွင် ကျန်းမာရေးဆေးခန်းရှိပြီး ကျေးရွာနှင့်(၀.၅)မိုင် ခန့်ဝေးပါသည်။ ဆေးခန်းတွင် အသုံးပြုသော အခန်းနှင့်ကုတင်များမှာ လိုအပ်လျက်ရှိ ကြောင်းတွေ့ရှိရပါသည်။ ကျန်းမာရေးဆေးပေးခန်းရှိ ဆရာ/ဆရာမများမှ ကျေးရွာသူ/သား၏ ကျန်းမာရေး ဆိုင်ရာပြဿနာများအား ကူညီပေးလျက်ရှိပါသည်။ တိုက်နယ်ဆေးရုံမှာ ကျေးရွာမှ (၀.၅)မိုင်ခန့်ဝေးသော တောင်ညိုကျေးရွာတွင် ရှိပြီး အခန်း၊ ကုတင် များလုံလောက်မှုရှိပါသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊နွေ
ရေတွင်း	၂၀	ကောင်း□ သင့်√ ညံ့□	မိုး၊ဆောင်း၊နွေ
အဝီစိတွင်း/ စက်တပ်	၅၀	ကောင်း √ သင့်□ ညံ့□	မိုး၊ဆောင်း၊နွေ
အဝီစိတွင်း/ တုံကင်	၁၈၀	ကောင်း□ သင့်√ ညံ့□	မိုး၊ ဆောင်း၊နွေ
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းရေ		ကောင်း□ သင့်√ ညံ့□	
ရေကန်		ကောင်း□ သင့်√ ညံ့□	

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊နွေ
စိမ့်စမ်းရေ		ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမ္မပုံ။

လေ့လာတွေ့ရှိချက်။ ။ သောက်သုံးရေအတွက် ကျေးရွာရှိ ရေတွင်းများ၊ လက်နှိပ်တုံကင်များနှင့် စက်ရေတွင်းများမှ သုံးစွဲကြပါသည်။ ကျေးရွာ၏ မြေနိမ့်ပိုင်းရှိသောအိမ်ထောင်စုများမှာ သောက်သုံး ရေအတွက် ရေတွင်းရှိရာ တောင်ကုန်းပေါ်မှ သယ်ယူကြရပါသည်။ သောက်သုံးရေအတွက် ရေတွင်းများ လုံလောက်စွာမရှိသောကြောင့် အချို့အိမ်ထောင်စုများမှာ အခက်အခဲများဖြစ်ပေါ်နေပါသည်။ ကျေးရွာအတွက် စက်ရေတွင်းများ တူးဖော်ပေးပါက သောက်သုံးရေအတွက် ပိုမိုအဆင်ပြေနိုင်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၂၇၁
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	၉
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေလောင်း ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စု(၉၀%) ရှိသဖြင့် ယင်လုံအိမ်သာအား တရွာလုံးနီးပါးသုံးစွဲကြကြောင်းတွေ့ရှိရပါသည်။ ယင်လုံအိမ်သာသုံးစွဲခြင်း ကြောင့် ကျေးရွာသူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာအသိအမြင်များ အသင့်အတင့်ရှိကြောင်း နှင့် ဝမ်းပျက်ဝမ်းလျောရောဂါများ ဖြစ်ပွားမှုနည်းသည်ကို တွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	အန္တရာယ်မရှိနိုင်ပါ။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	အန္တရာယ်မရှိနိုင်ပါ
၃	ရေကြီးခြင်း	အန္တရာယ်မရှိနိုင်ပါ
၄	မိုးခေါင်ခြင်း	အန္တရာယ်မရှိနိုင်ပါ
၅	အအေးလွန်ကဲခြင်း	အန္တရာယ်မရှိနိုင်ပါ
၆	မုန်တိုင်း	အန္တရာယ်မရှိနိုင်ပါ
၇	ငလျင်	အန္တရာယ်မရှိနိုင်ပါ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၈	မီးဘေး	အန္တရာယ်မရှိနိုင်ပါ
၉	ဆားငန်ရေဝင်မြေ	အန္တရာယ်မရှိနိုင်ပါ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	အန္တရာယ်မရှိနိုင်ပါ
၁၁	သစ်တောပြုန်းတီးခြင်း	အန္တရာယ်မရှိနိုင်ပါ
၁၂	ငှက်ဖျားရောဂါ	အန္တရာယ်မရှိနိုင်ပါ
၁၃	တီဘီရောဂါ	အန္တရာယ်မရှိနိုင်ပါ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	အန္တရာယ်မရှိနိုင်ပါ
၁၅	ပြည်တွင်း ပဋိပက္ခ	အန္တရာယ်မရှိနိုင်ပါ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	အန္တရာယ်မရှိနိုင်ပါ
၁၇	လူကုန်ကူးခြင်း	အန္တရာယ်မရှိနိုင်ပါ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	အန္တရာယ်မရှိနိုင်ပါ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်ခါတစ်ရံမိုးကြီးခြင်းမှတပါးအခြားထိခိုက်နိုင်မှုမရှိပါ။

(စ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းအမြစ်များ အခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု (နိမ့်၊ လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	လတ်	သီးနှံများစိုက်ပျိုးရာတွင်ပိုးသတ်ဆေးများသုံးစွဲမှုေ ြေကာင့် မြေဆီလွှာထိခိုက်မှုရှိပါသည်။
အပင်မျိုးစိတ်များ	နိမ့်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးနှင့်မတ်ပဲများစိုက်ပျိုးရာတွင် ဓါတ်မြေဩဇာများ လွန်ကျွံစွာသုံးစွဲလာမှု၊ ဖျက်ပိုးများကျရောက်၍ပိုးသတ်ဆေးများသုံးစွဲခြင်းကြောင့် အန္တရာယ်ရှိမှုမှာ အလယ် အလတ်ရှိပြီး ကျန်အန္တရာယ်ရှိမှုများမှ နိမ့်အဆင့်တွင်သာရှိပါသည်။

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* √
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* √	*မရှိ* ☐
၃	**လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ**	*ရှိ* ☐	*မရှိ* √
၄	**အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု**	*ရှိ* ☐	*မရှိ* √

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသား များနှင့် တန်းတူသင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိကြောင်းလည်း တွေ့ရှိရပါသည်။